
လူငယ်စီးရီး၊ အစီရင်ခံစာ (၁)

# ဌာနေဝေးမျိုးဆက်သစ်

## လူငယ့်သဘောထားနှင့် ရွှေ့ပြောင်းအခြေချနေထိုင်ခြင်း



ဩဂုတ်၊ ၂၀၂၅



# အစီရင်ခံစာအနှစ်ချုပ်

လက်ရှိအချိန်တွင် မြန်မာလူငယ်များသည် အကျပ်အတည်းများနှင့် အနာဂတ် မျှော်လင့်ချက်များအကြား လမ်းအလယ်မှာ ရပ်နေကြရခြင်း ဖြစ်ပါသည်။ ယခုအစီရင်ခံစာမှာတော့ မငြိမ်မသက်ဖြစ်နေတဲ့ နိုင်ငံရေး စီးပွားရေးအပြင်၊ ပိုမိုပြင်းထန်လာနေသော လက်နက်ကိုင် ပဋိပက္ခများအောက် အသက်ရှုကြပ်နေရသော လူ့အဖွဲ့အစည်းအတွင်းမှာ လူငယ်များ၏ ပစ္စုပ္ပန်နှင့် အနာဂတ်တို့အပေါ်မှာ သက်ရောက်နေတဲ့ အကြောင်း အချင်းအရာများစွာကို ဖမ်းယူဆုပ်ကိုင် တင်ပြထားပါသည်။ နိုင်ငံတစ်ဝန်းမှ လူငယ်ပေါင်း ၇၀၀၀ ကျော်ထံမှ စုဆောင်းကောက်ယူထားသော မြန်မာလူငယ် သဘောထားစစ်တမ်း ၂၀၂၄ (Myanmar Youth Survey 2024) မှ တွေ့ရှိချက်များသည် မရေရာ မသေချာမှုများနှင့် ရင်ဆိုင်နေရသော လူငယ်မျိုးဆက်တစ်ဦးတစ်ယောက် ချင်းစီ၏ စိန်ခေါ်မှုများနှင့် မျှော်လင့်ချက်များကို ဖော်ထုတ်ပေးထားပါသည်။ ဤစစ်တမ်းသည် မကြာသေး မီက ဖြစ်ပွါးခဲ့သော မြေငလျင် လှုပ်ခတ်မှု မတိုင်မီက စုဆောင်းကောက်ယူထားခြင်း ဖြစ်ပါသည်။ ၂၀၂၁ခုနှစ် စစ်အာဏာသိမ်းမှုဖြစ်စဉ် အပြီးကတည်းက မြန်မာနိုင်ငံတွင်းမှ ခန့်မှန်းခြေ လူငယ်အရေအတွက် ၃ သိန်း မှ ၅ သိန်းကြားသည် ၎င်းတို့ ကြုံတွေ့နေရသော အခက်အခဲများမှ လွတ်မြောက်စေရန် အလို့ငှာ နိုင်ငံခြား တိုင်းပြည်များသို့ ထွက်ခွါသွားကြပြီး ဖြစ်ပါသည်။ ဤအစုလိုက်အပြုံလိုက် ထွက်ခွါမှုသည် မြန်မာနိုင်ငံ၏ လူဦးရေ အချိုးအစားနှင့် လုပ်သားဈေးကွက် အခင်းအကျင်းကို ပုံပြောင်းပစ်လိုက်ခြင်း၊ တစ်နည်းအားဖြင့် ပုံစံပျက်ယွင်းသွားစေခြင်း ဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်တွင် ကျောရိုးဖြစ် သော အသက်ရွယ်အားဖြင့်ငယ်သေးသော လူဦးရေပါဝင်မှုမှာ လျော့ကျသွားပြီး ပြည်တွင်းလုပ်သားဈေး ကွက်မှ သက်လတ်ပိုင်း လုပ်သားဦးရေမှာ ကျဆင်းလာသည့် အစောပိုင်း လက္ခဏာများကို မြင်တွေ့နေရပြီ ဖြစ်သည်။

ယိုယွင်းပျက်စီးလာနေသော လူမှုစီးပွားရေးအခြေအနေ၊ ပြည်တွင်းစစ်နှင့် အသက်သွင်းပြဋ္ဌာန်း လိုက် သော စစ်မှုထမ်းဥပဒေတို့ကြောင့် စစ်တမ်းဖြေဆိုသူ လူငယ်များ၏ ၄၀ ရာခိုင်နှုန်းသည် အခွင့်အရေးရှိ လာပါက တိုင်းပြည်အတွင်းမှ ထွက်ခွါလိုကြောင်း ဖြေဆိုထားပါသည်။ ကျွမ်းကျင်ပညာရှင်များနှင့် ပညာ ရည်ထူးချွန်သော လူငယ်များသည် နိုင်ငံကိုစွန့်ခွာသွားနိုင်ချေ ပိုများပြီး၊ ဒါဟာ နိုင်ငံ၏ စီးပွားရေးအား ပြန်လည်ထူထောင်ရာမှာနှင့် တည်ငြိမ်မှုကိုထိန်းသိမ်းရာတွင် အခက်အခဲများစွာ တွေ့လာရနိုင်သော ဦးနှောက်ယိုစီးမှု အန္တရာယ်ကို ခြိမ်းခြောက်နေပါသည်။ လုံခြုံမှုမရှိခြင်း၊ ဆုတ်ယုတ်လာသော ပညာရေးစနစ် နှင့် စီးပွားရေးအခွင့်အလမ်းများ ကန့်သတ်ခံထားရခြင်းများကြောင့် ဖြေဆိုသူများ၏ ၅၅ ရာခိုင်နှုန်းကျော်

ကနိုင်ငံသည် ပျက်သုန်းမှုလမ်းမှားသို့ ရောက်နေသည်ဟု ယုံကြည်ကြောင်း ဖြေဆိုထားသည်။ ထိုအခက်အခဲအကျပ်အတည်းများဘက် ကြည့်လိုက်လျှင် နိုင်ငံခြားတိုင်းပြည်တစ်ခုခုသို့ ထွက်ခွါခြင်းသည် လူငယ်များအတွက် ဘဝရှင်သန်ရပ်တည်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရနိုင်ရန် အကောင်းဆုံးရွေးချယ်မှုတစ်ခု ဖြစ်လာသည်မှာ မဆန်းပေ။ ထိုသို့အခက်အခဲများစွာ ရင်ဆိုင်နေရသော်လည်း အခြားတစ်ဖက်တွင် မျှော်လင့်ချက်များဆက်လက်တည်ရှိနေပြီး၊ ၄၅ ရာခိုင်နှုန်းသော လူငယ်များသည် လာမည့် ၅နှစ်အတွင်းတွင် ၎င်းတို့အတွက် ပိုမိုကောင်းမွန်တောက်ပသော အနာဂတ်တစ်ခု ရှိလာမည်ဟု အကောင်းမြင်မျှော်လင့်ထားကြသည်။

လူငယ်အများအပြားအတွက် မြန်မာနိုင်ငံမှ ထွက်ခွါခြင်းသည် လုံခြုံမှုရှိခြင်း၊ ပညာကောင်းစွာသင်နိုင်ခြင်း၊ စီးပွားရေးအရ ဖူလုံမှုရှိခြင်း အစရှိသည့် သာယာဝပြောမှုဆီသို့ သွားရာ လမ်းကြောင်းတစ်ခု ဖြစ်လာပါသည်။ အခြားတစ်ဖက်မှာလဲ ပြည်ပနိုင်ငံများတွင် ခေါင်းပုံအဖြတ်ခံရမှု၊ တရားမဝင် နေထိုင်ရမှုနှင့် တိုင်းပြည်ရဲ့ လူသားအရင်းအမြစ်များ ပြုန်းတီးမှု စတဲ့ ဆိုးကျိုးတွေကလည်း ဒွန့်တွဲနေပါသည်။ သိသာထင်ရှားတဲ့အချက်က ရွှေ့ပြောင်းအခြေချဖို့ စီစဉ်နေကြတဲ့ လူငယ်များရဲ့ ၉၀ ရာခိုင်နှုန်းကျော်က နိုင်ငံရေးနှင့် စီးပွားရေးအခြေအနေများ တိုးတက်ကောင်းမွန်လာပါက ပြန်လာရန် ပြင်းပြင်းထန်ထန် ဆန္ဒရှိနေကြပြီး ဒါကပဲ ၎င်းတို့၏ မွေးရပ်တိုင်းပြည်နှင့် အိမ် (သို့) မိသားစုအပေါ်ထားရှိတဲ့ ချစ်ခြင်းမေတ္တာနှင့် ဆက်စပ်မှုကို ဖော်ပြနေတာ ဖြစ်ပါသည်။

ဤအစီရင်ခံစာမှာ မြန်မာနိုင်ငံအတွင်းနှင့် ပြောင်းရွှေ့သူမြန်မာနိုင်ငံသားများနေထိုင်ရာ နိုင်ငံများမှ နိုင်ငံတကာ အကူအညီပေးရေး အဖွဲ့အစည်းများကြား ထိတွေ့ဆက်ဆံပြီး မြန်မာလူငယ်များအတွက် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်ပေးဖို့ လိုအပ်ကြောင်းလည်း ဖော်ပြထားပါသည်။ အခက်အခဲများစွာကို ဖြေရှင်းရန်မှာ အဖွဲ့အစည်းများ၏ လုပ်ဆောင်ပုံ၊ လုပ်ဆောင်နည်း အဆင့်ဆင့်ကို ပြောင်းလဲရန်လိုအပ်သော်လည်း၊ အခုလက်ရှိအချိန်မှာကတည်းက ပြည်တွင်းရှိ လူငယ်များသာမက ပြည်ပသို့ထွက်ခွါပြီးနှင့်သော လူငယ်များအတွက်ပါ အကျိုးရှိသော အကြောင်းအရာများစွာကို လုပ်ဆောင်ထားနိုင်ပါသည်။ ပညာရေးအခွင့်အလမ်းများ၊ အလုပ်အကိုင်များ ဖန်တီးပေးခြင်းနှင့် အခက်အခဲများအား ကြံ့ကြံ့ခံ ဖြတ်ကျော်နိုင်စွမ်း တိုးလာရေး စသည်တို့တွင် ရင်းနှီးမြှုပ်နှံခြင်းသည် မရေရာသော အနာဂတ်ကို လျှောက်လှမ်းနေရသော လူငယ်များအတွက် သက်သာရာရနိုင်ပြီး အတိုင်းအတာတစ်ခုအထိ အထောက်အကူပေးနိုင်ပါသည်။ တစ်ချိန်တည်းမှာပဲ နိုင်ငံခြားရောက် ရွှေ့ပြောင်းနေထိုင်သော မြန်မာလူငယ်များနှင့် ထိတွေ့ဆက်ဆံပူးပေါင်းခြင်း၊ ၎င်းတို့၏လူမှုအရည်အသွေးတိုးတက်လာအောင် ကူညီပေးခြင်း၊ နိုင်ငံရပ်ခြားမှ အသိပညာ ဗဟုသုတများ ပြန်လည်သယ်ဆောင်လာနိုင်အောင် အထောက်အပံ့ပေးခြင်းတို့မှ တဆင့် အနာဂတ်တွင် ပြည်တွင်းသို့ ပြန်လာနိုင်မည့်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သည်။ ထိုအထောက်အပံ့များဖြင့် နိုင်ငံမှရွှေ့ပြောင်းသွားသူများအား မိမိတို့အခြေအနေများ ပြောင်းလဲ တိုးတက်လာသည့်အခါ တိုင်းပြည်၏ သက်ဆိုင်ရာ ကဏ္ဍအသီးသီးတွင် အကျိုးရှိစွာပြန်လည်ပူးပေါင်းပါဝင်လာစေရန် ပြင်ဆင်ထားနိုင်မည်ဖြစ်ပါသည်။ တိုင်းပြည်အတွင်းရှိနေသည်ဖြစ်စေ၊ နိုင်ငံရပ်ခြားတွင် ရှိနေသည်ဖြစ်စေ လူငယ်များသည် နိုင်ငံ၏ အနာဂတ်အတွက် မျှော်လင့်ချက်နှင့် အလားအလာကောင်းများ ဖန်တီးနိုင်သော စွမ်းရည်ကို ကိုင်ဆောင်ထားကြသူများပဲ ဖြစ်ပါသည်။

UNDP

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်